# ဘူရားတီးယားပြည်နယ်

ဘူရားတီးယားပြည်နယ်ကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင်ပါသည်။ မြို့တော်မှာ Ulan–Ude ဖြစ်ပါသည်။ ပြည်နယ်ဧရိယာမှာ စတုရန်းကီလိုမီတာ ၃၅၁,၃၀၀ ကျယ်ဝန်းပါသည်။ ၂၀၂၄ ခုနှစ်စစ်တမ်းအရ လူဦးရေ ၉၇၁,၉၀၀ ဦးနေထိုင်ပါသည်။ ရုံးသုံးဘာသာစကားမှာ Buryat (ရုရှား) ဘာသာစကား သုံးစွဲပါသည်။

ဘူရားတီးယားပြည်နယ်ကို မြူနီစပါယ်ခရိုင်(၂၁)ခရိုင်၊ မြို့တော်ခရိုင်(၂)ခရိုင်၊ ကျေးလက်မြို့နယ်(၁၆)မြို့၊ ကျေးလက်ခရိုင်(၂၄၇)ခရိုင်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ရုရှားဖက်ဒရေးရှင်း၏ အရှေ့ဖက်စွန်း အကျဆုံးပြည်နယ်လည်းဖြစ်သည်။ တောင်ဖက်တွင် အရှေ့ဆိုက်ဘေးရီးယားရှိပါသည်။ ပျမ်းမျှအပူချိန်မှာ ဇန်နဝါရီလတွင် အနုတ် ၂၄ ဒသမ ၃ ဒီဂရီဆက်စီယပ်ရှိပြီး ဇူလိုင်လတွင် အပေါင်း ၁၇ ဒသမ ၄ ဒီဂရီဆက်စီယပ် ရှိပါသည်။

People’s Khural သည် ဘူရားတီးယားပြည်နယ်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စအဝဝကို တာဝန်ယူရသည့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဖြစ်ပြီး ရွေးကောက်တင်မြောက်ထားသည့် ကိုယ်စားလှယ် ၆၆ ဦးကို ပါဝင်ပါသည်။ အုပ်ချုပ်ရေးကို ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူပါသည်။ ဘူရားတီးယားပြည်နယ်အကြီးအကဲရာထူးမှာ အမြင့်ဆုံးရာထူးဖြစ်ပါသည်။ ထိုပြည်နယ်အကြီးအကဲရာထူးကို ပြည်နယ်အတွင်း နေထိုင်ကြသည့်ပြည်သူများက (၅)နှစ်လျှင် တစ်ကြိမ်ရွေးချယ်တင်မြောက်ကြပါသည်။ လက်ရှိပြည်နယ်အကြီးအကဲမှာ Mr.Alexey Sambuevich Tsydenov ဖြစ်ပါသည်။

ပြည်နယ်၏အဓိကစီးပွားရေးလုပ်ငန်းများမှာ စက်ယန္တရားတည်ဆောက်ရေးလုပ်ငန်း၊ စွမ်းအင်ထုတ်လုပ်ရေး၊ အစားအသောက်ထုတ်ကုန်၊ လောင်စာစက်မှုလုပ်ငန်း၊ သစ်တောထွက်ကုန်များ၊ စက္ကူထုတ်လုပ်ခြင်းတို့ဖြစ်ပါသည်။ သတ္တုတူးဖော်ရေးအဖြစ် ရွှေ၊ ကျောက်မီးသွေး၊ သံ သံမဏိမဟုတ်သော သတ္တုထုတ်လုပ်ရေးများကို လုပ်ကိုင်ကြသည်။ ယူရေနီယမ် တန်ချိန် ၁၅,၀၀၀ ကို ပိုင်ဆိုင်ထားသည့်ဒေသလည်းဖြစ်ပါသည်။ ထို့ပြင် တစ်နှစ်လျှင် ရွှေတန်ချိန် ၉ တန်မှ ၁၂ တန် အထိ တူးဖော်ရရှိပါသည်။

ဘူရားတီးယားပြည်နယ်သည် အံ့သြဖွယ် ယဉ်ကျေးမှု၊ ဘာသာရေး၊ ဓလေ့ထုံးတမ်းများဆုံစည်းရာဒေသလည်းဖြစ်သည်။ ထိုပြင် ရင်သပ်ရှုမောဖွယ် တောတောင်အလှသဘာဝရှုခင်းတို့ကို ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုလည်းဖြစ်သည်။ ပြည်နယ်ရှိ Baikal

ရေကန်သည် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခုဖြစ်ပြီး ယင်းရေကန်မှာ ယူနက်စကိုစာရင်းဝင် ကမ္ဘာ့အမွေအနှစ်တစ်ခုလည်း ဖြစ်ပါသည်။